THE WORLD BANK
IBRD • IDA | WORLD BANK GROUP

**သတင်းထုတ်ပြန်ချက်**

# မြန်မာ့စီးပွားရေးနှင့် ပြည်သူများသည် အကြပ်အတည်း စိန်ခေါ်မှု မျိုးစုံ၏ ရိုက်ခတ်မှုကို ရင်ဆိုင်နေရ

**ရန်ကုန်မြို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်** - မြန်မာနိုင်ငံ၏ စီးပွားရေးသည် သဘာဝဘေးအန္တရာယ်များ ကျရောက်မှု၊ ဆက်လက် ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခ အခြေအနေနှင့် ကျယ်ပြန့်စွာ ဖြစ်ပေါ်နေသည့် အခြေခံ ကုန်စည် ရှားပါး ပြတ်လတ်မှုများကြောင့် ကြီးမားသည့် သက်ရောက်မှုနှင့် ရင်ဆိုင်နေရပြီး စီးပွားရေး မျှော်မှန်းချက်မှာ အားရဖွယ် မရှိဟု ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာ အသစ်က ဆိုသည်။ လတ်တလော ထုတ်ပြန်လိုက်သည့် မြန်မာ့နိုင်ငံ စီးပွားရေး စောင့်ကြည့် အစီရင်ခံစာအရ လက်ရှိ ဘဏ္ဍာရေးနှစ် မတ်လ ၂၀၂၅ ခုနှစ် အတွက် စီးပွားရေးခန့်မှန်းချက်မှာ အနုတ် ၁ ရာခိုင်နှုန်း ဖြစ်သည်။ ယင်းမှာ ကမ္ဘာ့ဘဏ်၏ ယခင် ခြောက်လက ခန့်မှန်းချက်ထက်ပို၍ လျော့နည်းသည့် စီးပွားရေးတိုးနှုန်း ခန့်မှန်းချက်ဖြစ်ပါသည်။

ကုန်ကြမ်း ပြတ်လတ်မှု၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် ဆက်လက် ဖြစ်ပေါ်နေသည့် ပြည်တွင်း ဝယ်လိုအားနည်းမှု တို့ကြောင့် စိုက်ပျိုးရေး၊ ကုန်စည်ထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှု ကဏ္ဍ အသီးသီးတို့တွင် တိုးတက်မှုမရှိဘဲ ဆက်လက် ကျဆင်းနေမည်ဟု ခန့်မှန်းသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်စုစုပေါင်း၏ ထက်ဝက်ခန့်သည် ပဋိပက္ခအခြေအနေများနှင့် ရင်ဆိုင်နေရသည်။ ထိုအချက်က ကုန်စည်ထုတ်လုပ်မှု ထောက်ပံ့ရေး ကွင်းဆက်တစ်ခုလုံးနှင့် နယ်စပ် ကုန်စည် ကူးသန်းရောင်းဝယ်ရေးအား ဆက်လက် အကျိုးသက်ရောက်နေမည်။ လာမည့် ခြောက်လအတွင်း မေခရီစီးပွားရေး မငြိမ်သက်မှုက ဆက်လက် ဖြစ်ပေါ်နေနိုင်သည်။ ထိုသို့ အကြပ်အတည်း စိန်ခေါ်မှု အမျိုးမျိုး အကြားတွင် ရာဂီတိုင်ဖုန်း ဝင်ရောက်မှုနှင့် မုတ်သုတ်မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် တစ်နိုင်ငံလုံးအနှံ့အပြားတွင် ဆိုးဆိုးရွားရွား ရေကြီး ရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ မြို့နယ်ပေါင်း ၁၉၂ တွင်နေထိုင်သည့် ပြည်သူစုစုပေါင်း ၂.၄ သန်း ထိခိုက်ခံစားခဲ့ကြရသည်။ ရေကြီး ရေလျှံမှုများကြောင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရပြီး ကုန်စည်ထုတ်လုပ်မှု ရပ်ဆိုင်းခဲ့ရသည်။ စီးပွားရေး လုပ်ငန်းစုစုပေါင်း၏ သုံးပုံ တစ်ပုံခန့်နှင့် စိုက်ပျိုးရေး လုပ်ငန်း အားလုံး၏ ထက်ဝက်ကျော်ခန့်မှာ ရေကြီး ရေလျှံမှုကြောင့် အလွန်အမင်း နစ်နာဆုံးရှုံးခဲ့ရသည်။ အကျိုးဆက်မှာ စားသောက်ကုန်စျေးနှုန်းများ မြင့်တက်လာခဲ့ပြီး စားနပ်ရိက္ခာ ပြတ်လတ်မှု အခြေအနေ ပိုမို ဆိုးရွားလာခဲ့သည်။

"မြန်မာနိုင်ငံရဲ့ စီးပွားရေးအပေါ်မှာ လတ်တလော ရင်ဆိုင် ကြုံတွေ့ခဲ့ရတဲ့ သဘာဝဘေးအန္တရာယ်တွေနဲ့ ပဋိပက္ခ အခြေအနေတွေက ကြီးကြီးမားမား သက်ရောက်မှု ဖြစ်ပေါ်ခဲ့တာကြောင့် အိမ်ထောင်စုတွေက ကုန်စျေးနှုန်း တက်တဲ့ ဒဏ်နဲ့ လုပ်သားစျေးကွက်အားနည်းမှု ဒဏ်တွေကို ခါးစည်းခံနေရတယ်။ ထိခိုက်လွယ်မှု အရှိဆုံး ဖြစ်တဲ့ ပြည်သူတွေရဲ့ ဘဝတွေ၊ အလုပ်အကိုင်တွေ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အရေးတကြီးနဲ့ လျင်လျင်

မြန်မြန် ပံ့ပိုး ဆောင်ရွက်ပေးရပါမယ်။” ဟု **ကမ္ဘာ့ဘဏ်၏ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံဆိုင်ရာ ဌာနေ ညွှန်ကြားရေးမှူး မာလင်ဒါဂွတ်ဒ်** က ပြောသည်။

အလုပ်အကိုင်ရွှေ့ပြောင်းလုပ်ကိုင်ခြင်းက  အကြပ်အတည်းများ ကို ဖြေရှင်းသည့် အရေးပါသည့် နည်းလမ်းတစ်ရပ် ဖြစ်လာကြောင်း အစီရင်ခံစာက ဆိုသည်။  လတ်တလော ကောက်ယူခဲ့သည့် ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့၏ လေ့လာမှု စစ်တမ်းတစ်ရပ်အရ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံများသို့ သွားရောက် လုပ်ကိုင်ခြင်းက ပြည်တွင်းထက် နှစ်ဆမှ သုံးဆ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံများသို့ သွားရောက် လုပ်ကိုင်သူများက ဆယ်ဆကျော်အထိ ဝင်ငွေ ရရှိ နိုင်ကြောင်း သိရှိရသည်။ ရွှေ့ပြောင်းလုပ်သားများသည် လက်ခံသည့် တိုင်းပြည်များ၏ လုပ်သားရှားပါးမှု ပြဿနာအား ဖြေရှင်းပေးနိုင်ကြပြီး ပြည်တွင်းသို့ ဝင်ငွေများအား ပြန်လည် ပို့ဆောင်ပေးနိုင်ခဲ့ကြပြီး မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ၏ ၇.၅ ရာခိုင်နှုန်းအတွက် အဓိက ဝင်ငွေရလမ်းဖြစ်စေခဲ့သည်။

“လတ်တလော ရွှေ့ပြောင်းအလုပ်လုပ်ကိုင်မှုများ ဖြစ်ပေါ်လာရခြင်းက အဓိက အကြောင်း အရင်းမှာ မြန်မာ နိုင်ငံ စီးပွားရေးရဲ့ မရေမရာအနေအထား၊ ပဋိပက္ခနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေတို့ရဲ့ သက်ရောက်မှုကြောင့် ဖြစ်ပါတယ်။ လတ်တလော ပြည်ပသို့ ရွှေ့ပြောင်းလုပ်ကိုင်မှု အများစုက အန္တရာယ်ကြားကနေ တရားဝင် မဟုတ်တဲ့ လမ်းကြောင်းတွေကနေ သွားနေကြတာကို တွေ့ရှိရပါတယ်။ ဒီလို လုပ်ဆောင်ခြင်းက အလုပ်သမားတွေအတွက် ငွေကုန်ကြေးကျ ပိုများသလို အကျိုးအမြတ်လည်း နည်းစေပါတယ်။ တရားဝင်လမ်းကြောင်းတွေကနေ သွားနိုင်ဖို့အတွက် စီစဉ် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ သို့မှသာလျှင် လုပ်သားလက်ခံတဲ့ တိုင်းပြည်တွေရော မြန်မာ အလုပ်သမားတွေနဲ့ သူတို့ရဲ့ မိသားစုတွေကပါ အကျိုးအမြတ်ကို အမြင့်မားဆုံး ရရှိခံစားနိုင်မှာ ဖြစ်ပါတယ်။” ဟု **ကမ္ဘာ့ဘဏ်၏ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံဆိုင်ရာ အစီအစဉ် ဦးဆောင်သူနှင့် အကြီးတန်းစီးပွားရေး ပညာရှင် ကင်မ် အယ်လန် အဒ်ဝပ်**က ပြောသည်။

**Contact:**
*In Washington:* Geetanjali Chopra, gchopra@worldbank.org

Website: https://www.worldbank.org/en/country/myanmar